"အလုပ်လက်မဲ့ နှုန်းနဲ့ ပတ်သက်ရင် ကျွန်မ့ ဘက်ကတော့ ပျမ်းမျှ ၄ % လောက် ခန့်မှန်းတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းထဲမှာလဲ အဲဒီနှုန်းလောက်ပဲတွေ့တယ်။ ဒါက ဘယ်လိုမှ ယုံကြည်လို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့  ကိုယ့်နဲ့ ပတ်သက်တဲ့ သူတွေမေးကြည့်လိုက် ဘွဲ့ရပြီး အလုပ်မရတဲ့ သူတွေ အများကြီးပဲ။ နောက်တစ်ခါ ၁၀ တန်းအောင်ပြီးကာမှ အလုပ်မရှိလို့ ပျက်စီးသွားတဲ့ ကလေးတွေ လည်းတွေ့နေရတယ်။ ဒါကြောင့် အလုပ်လက်မယ့် ဦးရေ နှုန်းက အတိ အကျ ရှိဖို့တော့လိုတယ်။ ဒီမိုကရေစီနိုင်ငံသွားတယ်ဆိုရင် ကိန်းဂဏန်းတွေ က အတိအကျ မရှိလို့ မရဘူး။ ဒီလို ကိန်းဂ ဏန်းတွေ အတိ အကျ ရှိဖို့ကတော့ အစိုးရမှာ တာဝန်ရှိပါတယ်။"  **( ဒေါက်တာ မင်းညို- အလုပ်သမားရေးရာ ကျွမ်းကျင်ပညာရှင် )**

"ထိုင်းနိုင်ငံထဲကိုရောက်လာတဲ့ အရွယ်လေးတွေ ကိုကြည့်ရင် နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်အတွက် ကောင်းကောင်း ပျိုးထောင်ရမယ့် အရွယ်လေးတွေဖြစ်သလို နိုင်ငံရဲ့ ဂင်ငွေ ( GDP ) တိုးစေမယ့် နေရာမျိုးတွေမှာ ကိုယ်စွမ်းညဏ်စွမ်း သုံးနိုင်မယ့် အရွယ်လေးတွေ ဖြစ်တယ်။ ဒါက တိုင်းပြည်အတွက် အရမ်းစိုးရိမ်စရာကောင်းတဲ့ အခြေအနေပါ.။သူတို့ထိုင်းကိုရောက်လာတယ်။ လယ်ယာလုပ်တာ ရှိတယ် ၊ သစ်ခုတ်တာရှိတယ်။ တကယ်တော့ မြန်မာပြည်က အလုပ်သမားတွေကို အောက်ဈေးနဲ့ ခေါ်ပြီး မြန်မာပြည်က သစ်ကို ခိုးထုတ်တာ။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံထဲက သစ်တစ်ပင် ခုတ်ကြည့် ထောင်ဒဂါ ဘယ်လောက်ဆိုတာ ရှိတယ်။ အဲဒီကလေးတွေ အင်မတန်ပင်ပန်းတယ်။ ၂၀၁၄ မှာ ရောင်ခြည်ဦးကနေ တွက်ချက်တဲ့ ကိန်းဂဏန်းအရ  ၃ သန်းကျော်လောက်ရှိတယ်။ အခု ၆ သန်းလောက်ရှိတယ်။" **( ဒေါ်နီမိုလှိုင်-  ရောင်ခြည်ဦး အလုပ်သမားအဖွဲ့ပြည်တွင်းပြည်ပ ဆက်သွယ်ရေး တာဝန်ခံ )**

ပြည်ပအလုပ်အကိုင်နဲ့ ပတ်သက်ရင် ၁၉၉၉ ခုနှစ်ပြည်ပ အလုပ်အကိုင် ဆိုင်ရာဥပဒေ ရှိပါတယ်။ အဲဒီဥပဒေအရ မြန်မာနိုင်ငံသားတွေကို တရားဝင် ပြည်ပကို စေလွှတ်တာ ရှိပါတယ်။ စေလွှတ်တဲ့ အခါမှာလည်း နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာတွေ ရေးထိုးပြီးစေလွှတ်တာပါ။ အဲဒီအလုပ်သမားတွေဟာ သစ်ဆိုင်ရာ နိုင်ငံရဲ့ ဥပဒေအရ ကာကွယ်စောင့်ရှောက်မှုတွေရတယ်။ သက်ဆိုင်ရာနိုင်ငံရဲ့ အလုပ်သမား အခွင့်အရေးကို ဥပဒေနဲ့ အညီ ခံစားခွင့်ရပါတယ်။  ဒါက တရားဝင်တင်လွှတ်တာပါ။  ဥပမာ MOU ထိုးတာနဲ့ ပတ်သက်ရင် ၂၀၁၃ ခုနှစ်လောက်ကစပြီး ထိုးခဲ့ပါတယ်။ ထိုင်းမှာသွားလုပ်တဲ့ အလုပ်သမားတွေကို တရားဝင်အထောက်အထားတွေ ထုတ်ပေးတာကတော့ ၁ဒသသမ ၇ သန်းကျော်လောက် ရှိပါပြီ။ MOU အရ တရား ဝင်စေလွှတ်တဲ့ အလုပ်သမားတွေ ကတော့ ၃ သိန်းကျော်လောက်ရှိပါပြီ။ ဆိုတော့ ၂ သန်းလောက်တော့ တရား ဝင်လမ်းကြောင်း ပေါ်ရောက် နေပါပြီ။ အခုက ကိုရီးယားနဲ့လည်း MOU ထိုးပြီးသွားပါပြီး။ အခုပို့နေတာက EPS လို့ခေါ်တဲ့ Employment Permit System အရ မြန်မာအလုပ်သမားတွေ ကိုရီးယားနိုင်ငံမှာသွားပြီး တရားဝင် အလုပ်လုပ်ကိုင်ခွင့် ရအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ( **ဒေါ်တင်တင်ဌေး၊ ညွှန်ကြားရေးမှူး အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန)**

**အလုပ်ခန့်တဲ့ အခါ အရည်အချင်းကို တစ်စုံတရာလက်ခံလို့ ခန့်လိုက်တယ်ဆိုပေမယ့် တကယ်တန်းတိုက်တိုက် ဆိုင်ဆိုင် ကုမ္ပဏီထဲရောက်တဲ့ အခါ မှာ provision ကာလလို့ခေါ်တဲ့ အစမ်းခန့်ကာလ ၃ လောက်လောက်နဲ့တင် အလုပ်သမားတွေက ထွက်သွားတာမျိုး အလုပ်သမားဘက်ကို ကြည့်ရင်လည်း ခဏခဏ ကုပ္ပဏီတွေပြောင်းပြီးထွက်လာတယ်ဆိုတဲ့ image ပဲ ကျန်ခဲ့တယ်။ အလုပ်ရှင်ဘက်က ကြည့်ရင်လည်း ဝန်ထမ်းတွေက မမြဲ ဘူး ကုမ္ပဏီကနေ ထွက်သွားတယ်။ အဲဒီလို အခြေအနေမျိုးတွေ ဆိုရင်ကော ဘယ်လို ဖြေရှင်းကြမလဲ။ ( work.com.mm)**

**လေးယောက်တွဲ Group ပုံအတွက်ကောက်စာ**

ခေတ်မီတဲ့ ဒီမိုကရေစီနိုင်ငံကို သွားမယ်ဆိုရင် ခေတ်မီတဲ့ ဒီမိုကရေစီယန္တရားဆိုတာ ရှိပါတယ်။ အဲဒီအဓိက ကျတဲ့ ဒီမိုကရေစီယန္တရားရားပျက် ပြုန်းသွားတာ ဦးနေဝင်းလက်ထက်လောက်ကတည်းကပါ။ ဒါတွေကို မပြုပြင်ဘူးဆိုရင် ပေါ်လစီတွေ ဘယ်လောက်ကောင်းကောင်း သဲထဲရေသွန်သလို ဖြစ်မယ်။ ဒါပေမယ့် ဒီတစ်နှစ်သားအပေးမှာ သိပ်မပစ်မတင်ချင်ပါဘူး။ ပြောချင်တာက စီးပွားရေးသာဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ဘူးဆိုရင် အခု ရရှိထားတဲ့ နိုင်ငံရေး အခွင့်အရေးလေးတွေပါ ပျောက်သွားမှာ စိုးရိမ်ရတဲ့ အနေအထားရှိတယ်။ ( ဒေါက်တာ မင်းညို)

**ထိုင်းနိုင်ငံကိုရောက်လာကြတဲ့အထဲမှာ တရားဝင်လမ်းကြောင်းက လာခဲ့တယ်ဆိုပေမယ့်လည်း တချို့ MOU ထိုးလာတဲ့ အလုပ်သမားတွေတောင် ပြဿနာဖြစ်တာရှိတယ်။ အဲဒါဘာလဲဆိုတော့ ဒီဘက်မှာ စာချုပ်ကြတုန်းကတော့ အလုပ်အကိုင် က ဘယ်လို အဆင့်အတန်းရှိတယ်ဆိုတာမျိုးစာချုပ်ကြတယ်။ ဥပမာ အငယ်တန်း အင်ဂျင်နီယာ အဆင့်ဆိုပါတော့ ၊ တကယ်တန်းကျတော့ ပင်ပန်းဆင်းရဲတဲ့ အလုပ်တွေ ပဲလုပ်ရတယ်.။ MOU နဲ့က အစိုးရချင်း.. အစိုးရချင်း သဘောတူထားတာဖြစ်တဲ့အတွက် ထိုင်းမှ လက်လွတ် စပယ် သတ်ပစ်ခံရတာမျိုးတို့ အမှု တစ်ခုခုမှာခေါင်းစဉ်တပ်ခံရတာမျိုးတို့ ရှိချင်မှရှိမယ်။ ဒါပေမယ့် လိမ်လည်တဲ့ တဘက်က လုပ်ငန်းရှင်နဲ့ တွေ့ရင်လည်း ဒုက္ခရောက်တာတွေ ရှိပါတယ်။ ( ဒေါ်နီမိုလှိုင်)**

ပြည်ပအလုပ်အကိုင်နဲ့ ပတ်သက်ပြီး တရားဝင်ဆောင်ရွက်ပေးနိုင်ဖို့ကို ပြည်ပ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီတွေကိုလည်း ဥပဒေနဲ့ အညီလိုင်စင်တွေ ခွင့်ပြု ထုတ်ပေးနေတာလည်း ရှိပါတယ်။ အခုတော့ အေဂျင်စီပေါင်း ၂၅၉ ခုရှိပါပြီ။ အေဂျင်စီတွေလည်း ဝန်ကြီးဌာနက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပါတယ်။ ဒါကြောင့် အေဂျင်စီဘက်ကလည်း တာဝန်ယူမှု တာဝန်ခံမှုတွေနဲ့ ဆောင်ရွက်ရပါမယ်။ ဒါတွေက အေဂျင်စီတွေက ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ မဆောင်ရွက်နိုင်ဘူးဆိုရင် လိုင်စင်ပိတ်သိမ်းတာမျိုးတွေ အထိ လုပ်ဆောင်ဖို့ အစီအစဉ်ရှိတယ်။ (ဒေါ်တင်တင်ဌေး)